# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 26 , 2026 | Volume 103 , Number 20


၂၆.၆.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၀.၈၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၂.၃၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၆.၆၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၆၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၃.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၈၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံငွေ ထပ်မံတိုးပေးမည်ဟု နိုင်ငံတော်သမ္မတပြော

MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံငွေ ထပ်မံတိုးပေးမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ယမန်နေ့ (ဇွန်လ ၂၅ ရက်) နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်လျက်ရှိပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ပြည်သူများဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ဆိုသည်။

သွင်းအားစုများနှင့်ပတ်သက်၍ နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်းလည်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

အရင်းအနှီးနှင့်ပတ်သက်၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ထပ်မံတိုးမြှင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းလည်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

လူသားအရင်းအမြစ်လိုအပ်ချက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံလူဦးရေ၏ (၂၅) ရာခိုင်နှုန်းကျော်မှာ လူငယ်များဖြစ်သဖြင့် လူငယ်များ အသိပညာ၊ အတတ်ပညာများ တိုးတက်လာစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံတော်သမ္မတက ဆိုသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းရည်၊ စွမ်းအားရှိသော လူငယ်များဖြင့် တည်ဆောက်နိုင်ရေး လူငယ်များ၏ စွမ်းရည်တိုးတက်အောင်မြှင့်တင်ဆောင်ရွက်ပေးနိုင်သော လူငယ်ရေးရာဝန်ကြီးဌာနကို မိမိတို့အစိုးရလက်ထက်တွင် တိုးချဲ့ဖွဲ့စည်းပေးထားကြောင်းလည်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

အလားတူနိုင်ငံလူဦးရေ၏ (၅၂) ရာခိုင်နှုန်းမှာလည်း အမျိုးသမီးများဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍများ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက်လည်း အမျိုးသမီးရေးရာဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ကြောင်း နိုင်ငံတော်သမ္မတကဆိုသည်။


### CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

အမျိုးသမီးများ ဆောင်ရွက်၍ရသည့် လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာမည်ဖြစ်ကြောင်းလည်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

**Source:** https://www.npnewsmm.com/

## စွမ်းအင်ခြွေတာသော ကုန်ထုတ်လုပ်မှုကဏ္ဍသို့ ကူးပြောင်းရန် အောင်ခေတ်မှီ ဆန်စက်ရုံတွင် GoodWe ၏ ခေတ်မီ ဆိုလာနှင့် စွမ်းအင်သိုလှောင်မှုစနစ်အား တပ်ဆင်အသုံးပြုနေ




မြန်မာနိုင်ငံရှိ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဆန်စက်လုပ်ငန်းများသည် စွမ်းအင်လိုအပ်ချက် ကြီးမားခြင်းနှင့် စွမ်းအင်စရိတ် ကြီးမြင့်ခြင်းစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရချိန်တွင် စိမ်းလန်းစိုပြေသော စွမ်းအင်စနစ် (Green Energy) သို့ ကူးပြောင်းရန်နှင့် ကုန်ထုတ်လုပ်မှု စရိတ်စကများကို လျှော့ချရန် ကြိုးပမ်းလျက်ရှိကြသည်။ အဆိုပါ ကူးပြောင်းမှုလုပ်ငန်းစဉ်များတွင် ကမ္ဘာ့ထိပ်တန်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် GoodWe သည် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍအတွက် အထူးကိုက်ညီမည့် Solar-Plus-Storage (ဆိုလာနှင့်ဘက်ထရီတွဲဖက်စနစ်) များကို အောင်မြင်စွာ တပ်ဆင်အသုံးပြုနေကြောင်း သိရသည်။

လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ "အောင်ခေတ်မှီ" ဆန်စက်ရုံ ၌ GoodWe ၏ ခေတ်မီနည်းပညာသုံး ET 50 kW Hybrid Inverter (၃) လုံး နှင့် BAT 112 kWh ဘက်ထရီစနစ် (၃) ခု ပါဝင်သော စနစ်တစ်ခုကို အောင်မြင်စွာ တပ်ဆင်လည်ပတ်လျက်ရှိသည်။ အဆိုပါစနစ်ကြောင့် ဆန်စက်ရုံ၏ နေ့စဉ်ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်များအတွက် ပိုမိုခေတ်မီပြီး တည်ငြိမ်စိတ်ချရသည့်အပြင်၊ စွမ်းအင် ကုန်ကျစရိတ်ကို ထိရောက်စွာ သက်သာစေသော အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

ဆန်စက်လုပ်ငန်းများသည် များသောအားဖြင့် စက်ပစ္စည်းများ စတင်လည်ပတ်ချိန်တွင် စွမ်းအင်လိုအပ်ချက်မှာ အဆမတန်မြင့်မားလေ့ရှိသည်။ GoodWe ၏ ခေတ်မီစနစ်သည် လုပ်ငန်းခွင်အတွင်းရှိ စက်ပစ္စည်းများ၏ ဗို့အားကို တည်ငြိမ်အောင် ထိန်းညှိပေးနိုင်သည့်အပြင်၊ စွမ်းအင်ပြတ်တောက်မှု တစ်စုံတစ်ရာ ဖြစ်ပေါ်သည့်တိုင် မီးလိုင်းနှင့် ဘက်ထရီလိုင်းအကြား ပြောင်းလဲချိန်မှာ ၁၀ မီလီစက္ကန့် (<10 ms) အောက်သာ ရှိသဖြင့် စက်ရုံတွင်း စက်ပစ္စည်းများ အရှိန်ပျက်ရပ်ဆိုင်းသွားခြင်းမရှိဘဲ စက္ကန့်ပိုင်းအတွင်း အလိုအလျောက် အစားထိုးလည်ပတ်ပေးနိုင်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု လည်ပတ်ချိန်ကြန့်ကြာမှုမရှိစေရန် နည်းပညာအရ ထိရောက်စွာ အကာအကွယ်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ ဆိုလာနှင့်စွမ်းအင်သိုလှောင်မှုစနစ်ကို အောင်မြင်စွာ ပြောင်းလဲအသုံးပြုခဲ့ပြီးနောက် အောင်ခေတ်မှီ ဆန်စက်ရုံအနေဖြင့် စွမ်းအင်အသုံးစရိတ်ကို ၆၀ ရာခိုင်နှုန်းကျော်အထိ ထိရောက်စွာ လျှော့ချနိုင်ခဲ့သည်။

၎င်းအပြင် အစားထိုးစွမ်းအင်အသုံးပြုမှုကို မြှင့်တင်နိုင်ခဲ့ခြင်းကြောင့် တစ်နှစ်လျှင် ယူနစ်ပေါင်း ၂ သိန်း ၁ သောင်းခန့် သက်သာစေမည်ဖြစ်သည်။ အဆိုပါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်သည် တစ်နှစ်လျှင် ကာဗွန်ထုတ်လွှတ်မှုကိုပါ တန်ချိန် ၁,၀၀၀ ကျော်အထိ လျှော့ချပေးနိုင်သဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုပါ များစွာ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

GoodWe မြန်မာနိုင်ငံ၏ Country Manager ဖြစ်သူ Henry က "ကျွန်တော်တို့အနေနဲ့ ဒီပရောဂျက်ကို အပြည့်အဝ ပံ့ပိုးပေးခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပြီး မြန်မာနိုင်ငံတစ်ဝှမ်း ဆိုလာစွမ်းအင် တိုးတက်အသုံးပြုနိုင်ရေးအတွက် ဆက်လက်ပါဝင်ကူညီဖို့ အသင့်ရှိပါတယ်။ စက်မှုနှင့် စီးပွားရေးလုပ်ငန်းသုံး စွမ်းအင်သိုလှောင်မှု ကဏ္ဍမှာ မြန်မာနိုင်ငံ၌လည်း ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်တစ်ခုအနေနဲ့ ရပ်တည်ပြီး၊ ကမ္ဘာတစ်ဝှမ်းက လုပ်ငန်းတွေကို ရေရှည်တည်တံ့တဲ့ စိမ်းလန်းစိုပြည်တဲ့ အနာဂတ်ဆီသို့ လျှောက်လှမ်းနိုင်အောင် စွမ်းဆောင်ရည်မြင့်မားတဲ့ စနစ်တွေကို ဆက်လက်ပံ့ပိုးပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။

**Source:** https://news-eleven.com/

## မြဝတီ-ဘားအံ အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ဘေလီတံတားကို ကုန်တင်ယာဉ်ကြီးများ ပြန်လည် ဖြတ်သန်းခွင့်ပြု



မြဝတီ-ဘားအံ အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ဘေလီတံတားကို ကုန်တင်ယာဉ်ကြီးများကိုပါ ပြန်လည်ဖြတ်သန်းခွင့်ပြုပြီဖြစ်ကြောင်း လုံခြုံရေးအဖွဲ့နှင့် နီးစပ်သူတစ်ဦးက NP News သို့ ပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းက မြဝတီ-ဘားအံ အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ဘေလီတံတား (တံတားအမှတ်-၅/၈၉) တွင် (၂၂) ဘီး ကုန်တင်ယာဉ်ကြီးတစ်စီး စက်ချို့ယွင်းကာ ဝင်ရောက်တိုက်မိခဲ့ကြောင်းသိရသည်။

ထိုသို့ တိုက်မိမှုကြောင့် တံတား၏ ဘေလီဘောင် (၂) ခု ပြတ်ကာ ဘေလီဘောင် (၄) ခု ကွေးသွားသည့်အပြင် Baily Support S3 ရှိ သစ်သား Crib အထိုင် အနည်းငယ်ရွေ့လျားသွားခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တံတားကြံ့ခိုင်မှု ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကာ ပြုပြင်မှုကာလမှာ နှစ်ရက်မှ သုံးရက်ခန့်အတွင်းဖြစ်ပြီး ကုန်တင်ယာဉ်ကြီးများအား ဖြတ်သန်းခွင့် ယာယီပိတ်ထားမည်ဖြစ်သော်လည်း အိမ်စီးကားနှင့် အငယ်စားယာဉ်များကို ဆက်လက်ဖြတ်သန်းခွင့်ပြုခဲ့ကြောင်းသိရသည်။

နယ်စပ်ကုန်သွယ်ရေး စီးဆင်းမှု ကြန့်ကြာမှုမရှိစေရေးအတွက် ယနေ့ ဇွန်လ (၂၄) ရက် ညနေပိုင်းမှစတင်ကာ ယာဉ်ငယ်များအပြင် ကုန်တင်ယာဉ်ကြီးများကိုပါ သတ်မှတ်ထားသည့် ကုန်ချိန်စံနှုန်းများအတိုင်း ကော့နွဲ့ဘေလီတံတားပေါ်မှ ဘေးအန္တရာယ်ကင်းရှင်းစွာ စတင်ဖြတ်သန်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်းသိရသည်။

**Source:** https://www.npnewsmm.com/

## ဂျပန်နိုင်ငံတွင် ၃ နှစ်ခွဲအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆန်ဈေးနှုန်းများ ပြန်လည်ကျဆင်းလာ

ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများသည် ၃ နှစ်ခွဲအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့သည့်မေလတွင် ပြန်လည်ကျဆင်းသွားခဲ့ကြောင်း အစိုးရအရာရှိတစ်ဦးက ဇွန်လ ၁၉ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ အခြေခံစားသောက်ကုန်ဖြစ်သော ဆန်ဈေးနှုန်းများ ပြင်းထန်စွာ မြင့်တက်ခဲ့မှုကြောင့် အစိုးရအပေါ် ကြီးမားသောဖိအားများ သက်ရောက်ခဲ့ပြီးနောက် ယခုကဲ့သို့ ဈေးနှုန်းပြန်ကျလာခြင်းဖြစ်ကြောင်း သိရသည်။

ရာသီဥတု ပူပြင်းလွန်းခြင်းနှင့် လွန်ခဲ့သော နှစ်နှစ်က "ငလျင်ကြီး" (Megaquake) သတိပေးချက်အပြီး ထိတ်လန့်တကြား အလုအယက် ဝယ်ယူခဲ့ကြခြင်း အပါအဝင် အကြောင်းအရင်းပေါင်းများစွာနှင့် ဆက်စပ်နေသည့် ထောက်ပံ့မှုဆိုင်ရာ ပြဿနာများကြောင့် ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များတွင် ဆန်ဈေးနှုန်းများ ထိုးတက်သွားခဲ့ကြောင်း သိရသည်။

လူနေမှုအဆင့်အတန်း ကျဆင်းလာခြင်း၊ အဂတိလိုက်စားမှု ကောလာဟလများနှင့် ဆန်ဈေးနှုန်းကြီးမြင့်မှုတို့ ပေါင်းဆုံသွားခြင်းကြောင့် မဲဆန္ဒရှင်များသည် အာဏာရပါတီကို ကျောခိုင်းခဲ့ကြပြီး ဝန်ကြီးချုပ် Shigeru Ishiba သည်လည်း ရာထူးသက်တမ်း တစ်နှစ်ပင်မပြည့်မီ ပြီးခဲ့သည့် စက်တင်ဘာလတွင် ရာထူးမှနုတ်ထွက်ခဲ့ရကြောင်း သိရပါသည်။

လူကြိုက်များသည့် Koshihikari ဇီမ်ခံဆန်အမျိုးအစားမှလွဲ၍ ကျန်ဆန်ဈေးနှုန်းများသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက မေလတွင် ၅.၄ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ပြီး၊ ယင်းမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ် ဈေးနှုန်းကျဆင်းမှုဖြစ်ကြောင်း ငွေကြေးဖောင်းပွမှုဆိုင်ရာ အချက်အလက်များကို တာဝန်ယူရသည့် ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက AFP သတင်းဌာနသို့ ပြောကြားခဲ့သည်။

လက်ရှိတွင် လူကြိုက်များသော ဝန်ကြီးချုပ် Sanae Takaichi ဦးဆောင်နေသည့် အစိုးရအဖွဲ့သည် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာစေရန် အရေးပေါ် ဆန်ရိက္ခာအရန်သင့် သိုလှောင်ထားမှုများကို ထုတ်ပေးခြင်းအပါအဝင် နည်းလမ်းမျိုးစုံဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆန်ပြတ်လပ်မှု၏ နောက်ကွယ်တွင် ၂၀၂၃ ခုနှစ်က ပြင်းထန်ပြီး ခြောက်သွေ့သော နွေရာသီကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စပါးရိတ်သိမ်းမှုကို ထိခိုက်ပျက်စီးစေခဲ့ခြင်း အပါအဝင် ရှုပ်ထွေးလှသော အကြောင်းရင်းများစွာ ရှိနေခဲ့သည်။ ထို့နောက်တွင် ကုန်သည်အချို့က အမြတ်အစွန်း ပိုမိုရရှိရန်ရည်ရွယ်၍ ဆန်များကို စတင်သိုလှောင် (မှောင်ခိုလှောင်) ခဲ့ကြကြောင်း ကျွမ်းကျင်သူများ၏ ပြောကြားချက်အရ သိရသည်။

ပြည်ပမှ တင်သွင်းရသော စားသောက်ကုန် ဈေးနှုန်းများ မြင့်တက်လာခြင်းက ပြည်တွင်းဖြစ် ဆန်အပေါ် ဝယ်လိုအားကို ပိုမိုမြင့်တက်စေခဲ့သလို၊ စံချိန်တင် ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည် အရေအတွက်ကြောင့်လည်း ဆန်စားသုံးမှု ပိုမိုမြင့်တက်လာရခြင်း ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း လေ့လာဆန်းစစ်သူများကမူ ဂျပန်နိုင်ငံ၏ ဆယ်စုနှစ်များစွာ ကြာမြင့်နေပြီ ဖြစ်သော စပါးစိုက်ပျိုးမြေ လျှော့ချရေး မူဝါဒအပြင် လူဦးရေ အိုမင်းရင့်ရော်လာမှုပြဿနာတို့ကြောင့်လည်းဖြစ်သည်ဟု ထောက်ပြကြပြီး၊ စပါးစိုက်တောင်သူအများအပြားမှာ အသက်ကြီးရင့်လာကြကာ ၎င်းတို့၏သားသမီးများကလည်း မျိုးဆက်ဆက်ခံစိုက်ပျိုးရန် စိတ်ပါဝင်စားမှု မရှိကြတော့ကြောင်း သိရသည်။

**Source: https://www.doca.gov.mm/**

## လွတ်လပ်သောကုန်သွယ်ရေးဇုန် ဖော်ဆောင်သွားမည့် ဗီယက်နမ်၏ Bac Ninh ပြည်နယ်

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းရှိ Bac Ninh ပြည်နယ်သည် Gia Binh အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ချိတ်ဆက်ထားသော ၅,၀၀၀ ဟက်တာ အကျယ်အဝန်းရှိ လွတ်လပ်သောကုန်သွယ်ရေး ဇုန် (Free Trade Zone) တစ်ခုကို ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအဖြစ် အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း သိရပါသည်။ အဆိုပါစီမံကိန်းသည် နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုဗဟိုဌာနတစ်ခုဖန်တီးရန်နှင့် ဒေသ၏စီးပွားရေးတိုးတက်မှုအတွက် အင်အားအသစ်တစ်ခုဖြစ်လာစေရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရပါသည်။ ၎င်းအစီအစဉ်ကို၂၀၅၀ အထိ မျှော်မှန်းချက်နှင့်အတူ ၂၀၂၁-၂၀၃၀ ကာလအတွက် မဟာစီမံကိန်းအရ ပြည်နယ်ပြည်သူ့ ကောင်စီက အတည်ပြုခဲ့ကြောင်း သိရပါသည်။ လွတ်လပ်ကုန်သွယ်ရေးဇုန်ကို ထုတ်လုပ်မှု၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးတို့ကို ပေါင်းစပ်ထားသည့် ခေတ်မီစီးပွားရေး စင်တာတစ်ခုအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဗီယက်နမ်နှင့် ကမ္ဘာ့ဈေးကွက်များအကြား ချိတ်ဆက်ပေးမည့် ဝင်ပေါက်တစ်ခုအဖြစ်သာမက မြောက်ပိုင်းဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ညှိနှိုင်းပေးမည့် အဓိကဗဟိုချက်အဖြစ်လည်း ရပ်တည်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။ စီမံကိန်းကို အထောက်အကူပြုရန် Bac Ninh ပြည်နယ်သည် ICAO 4F စံနှုန်းနှင့် ကိုက်ညီသည့် Gia Binh

အပြည့်ပြည့်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးကို အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။ အဆိုပါလေဆိပ်သည် ၂၀၃၀ ပြည့်နှစ်တွင် ခရီးသည် ၃၀ သန်းနှင့် ကုန်စည်တန်ချိန် ၁.၆ သန်းကို နှစ်စဉ် ကိုင်တွယ်နိုင်မည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် ခရီးသည် ၅၀ သန်းနှင့် ကုန်စည်တန်ချိန် ၂.၅ သန်းအထိ တိုးမြှင့်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။ ထို့အပြင် Kep နှင့် Lang Giang ဒေသများနှင့် အနီးဝန်းကျင်ဒေသများတွင် ဧရိယာ ၁၀,၀၀၀ ဟက်တာခန့်ရှိ အထူးစီးပွားရေးဇုန်တစ်ခုကိုလည်း တည်ထောင်သွားမည်ဖြစ်ကြောင်း သိရပါသည်။ အဆိုပါဇုန်သည် မြောက်-တောင် စီးပွားရေးလမ်းကြောင်း၊ ဟန်ွိုင်းမြို့တော်ဒေသ၏ စက်မှု-မြို့ပြ-ဝန်ဆောင်မှုကွင်းဆက်နှင့် အမြန်လမ်းများ၊ ရထားလမ်းများ၊ နယ်စပ်ဖြတ်ကျော် ရထားဘူတာနှင့် Kep ICD ကဲ့သို့သော မဟာ ဗျူဟာမြောက် အခြေခံအဆောက်အအုံများ၏ အားသာချက်များကို အသုံးချသွားမည်ဖြစ်ကြောင်း သိရပါသည်။ အထူးစီးပွားရေးဇုန်အတွင်း အဆင့်မြင့်နည်းပညာစက်မှုလုပ်ငန်းများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊ ကုန်သွယ်ရေး၊ မြို့ပြဖွံ့ဖြိုးရေး၊ သိပ္ပံနှင့်နည်းပညာ၊ ဆန်းသစ်တီထွင်မှု၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝပတ်ဝန်းကျင်အခြေပြု ခရီးသွားလုပ်ငန်းများကို ဦးစားပေးဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အဆိုပါအဓိကစီမံကိန်းများသည် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်း၊ စီးပွားရေးတိုးတက်မှု အရှိန်မြှင့်တင်ခြင်းတို့ကို အထောက်အကူပြုမည်ဖြစ်ပြီး Bac Ninh ပြည်နယ်ကို နိုင်ငံတကာအဆင့်မီ ကုန်သွယ်ရေးနှင့်ဝန်ဆောင်မှုဗဟိုဌာနတစ်ခုအဖြစ် တဖြည်းဖြည်း ပြောင်းလဲသွားစေရန် ရည်မှန်းထားကြောင်း သိရပါသည်။ တစ်ဖက်တွင်လည်း ပြည်နယ်သည် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများအပေါ် အခြေခံသည့် e-Commerce လုပ်ငန်းများတိုးချဲ့ဖွံ့ဖြိုးရေး၊ လုပ်ငန်းရှင်များနှင့် သမဝါယမအသင်းများအား ပြည်တွင်းနှင့် နိုင်ငံတကာ အွန်လိုင်းဈေးကွက်များတွင် ပါဝင်နိုင်ရေး အားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့အပြင် ခေတ်မီနည်းပညာများ အသုံးပြုကာ အရည်အသွေးမြင့်ပို့ဆောင်ရေးနှင့် Logistics ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ထားကြောင်း သိရသည်။ ခရီးသွားကဏ္ဍတွင်လည်း Bac Ninh ပြည်နယ်ကို ဟန်ွိုင်းမြို့တော်ဒေသ၏ အဓိက ယဉ်ကျေးမှု၊ ဘာသာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဖျော်ဖြေရေးခရီးသွားနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးစေရန် ရည်ရွယ်ထားပြီး ဒေသတွင်းနှင့် ပြည်နယ်ချင်းဆက်သွယ်သည့် ခရီးသွားလမ်းကြောင်းများတွင် အရေးပါသောနေရာတစ်ခုအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Source:** https://www.doca.gov.mm/

## ၂၀၂၆ ခုနှစ်တွင် ဥရောပ၏ စီးပွားရေးတိုးတက်မှုအမြန်ဆုံးနိုင်ငံများ

ယူရိုဇုန်(Eurozone)၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် တစ်နှစ်ထက်တစ်နှစ်(Year-on-Year) ၀.၈ ရာခိုင် နှုန်းသာတိုးတက်ခဲ့ပြီး သိသိသာသာနှေးကွေးလာခဲ့ပါသည်။ သို့သော် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့သည် ယူရိုဇုန်ပျမ်းမျှတိုးတက်မှုထက် ပိုမိုလျင်မြန်စွာတိုးတက်နေကြသည်ကို အောက်ဖော်ပြပါအတိုင်းတွေ့ရှိရပါသည်-

**ဆိုက်ပရပ်စ်နိုင်ငံ (Cyprus) – ၃ ဒသမ ၀ ရာခိုင်နှုန်း**

ဆိုက်ပရပ်စ်နိုင်ငံ၏စီးပွားရေးသည် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် ၃ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး လက်ရှိ အချက်အလက် ရရှိထားသော EU နိုင်ငံများအနက် အမြင့်ဆုံးတိုးတက်မှုနှုန်းကို ရရှိထားပါသည်။ သို့သော် ၂၀၂၅ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် ရရှိခဲ့သောနှုန်းနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းသွားခြင်းဖြစ်သည်။ ဆိုက်ပရပ်စ်၏တိုးတက်မှုကို အဓိကအားဖြင့် ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်တွင်းဝယ်လိုအားများက ထောက်ပံ့ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

**ဘူလ်ဂေးရီးယားနိုင်ငံ (Bulgaria) – ၂ ဒသမ ၉ ရာခိုင်နှုန်း**

ဘူလ်ဂေးရီးယားနိုင်ငံ၏ GDP သည် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး EU တွင်

ဒုတိယအမြန်ဆုံးစီးပွားရေးတိုးတက်မှု ရရှိခဲ့သည့်နိုင်ငံဖြစ်ပါသည်။ ဘူလ်ဂေးရီးယားနိုင်ငံအတွက် အထူးအရေးပါသည့်အချက်မှာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ယူရိုငွေကြေးကိုစတင်အသုံးပြုခဲ့ပြီး ယူရိုဇုန်၏ ၂၁ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာခြင်း ဖြစ်ပါသည်။ နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို EU ရန်ပုံငွေများ၊ ကာကွယ် ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ပုဂ္ဂလိက စားသုံးမှုများက အားပေးနေကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

**စပိန်နိုင်ငံ (Spain) – ၂ ဒသမ ၇ ရာခိုင်နှုန်း**

စပိန်နိုင်ငံသည် ယူရိုဇုန်၏အဓိကစီးပွားရေးနိုင်ငံကြီး(၄)နိုင်ငံဖြစ်သော ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ စပိန်တို့အနက် အလျင်မြန်ဆုံး တိုးတက်နေသောနိုင်ငံဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် စပိန်၏ GDP သည် ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စပိန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ပြည်တွင်းသုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုများက အဓိကတွန်းအားပေး နေကြောင်းတွေ့ရှိရပါသည်။သွင်းကုန်တိုးလာခြင်းကြောင့် ပြည်ပကုန်သွယ် မှုကဏ္ဍ၏တိုးတက်မှုကို အနည်းငယ်လျော့နည်း စေခဲ့သော်လည်း ပြည်တွင်းစီးပွားရေးအားကောင်းမှုက ထိုသက်ရောက်မှုအပေါ် ဖုံးလွှမ်းနိုင်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

**ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် အီတလီနိုင်ငံတို့၏ အခြေအနေ**

စပိန်နိုင်ငံနှင့်နှိုင်းယှဉ်ပါက ယူရိုဇုန်၏ စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် အီတလီနိုင်ငံ တို့၏ တိုးတက်မှုနှုန်းများမှာများစွာနိမ့်ကျနေသည်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်–

ဂျာမနီ – ၀ ဒသမ ၃ ရာခိုင်နှုန်း

ပြင်သစ် – ၁ ဒသမ ၁ ရာခိုင်နှုန်း

အီတလီ – ၀ ဒသမ၇ ရာခိုင်နှုန်း

နှစ်အလိုက်(Year-on-Year)စီးပွားရေးတိုးတက်မှုနှုန်းအရ ထိပ်ဆုံးတွင် မပါဝင်ခဲ့သော အခြားဥရောပနိုင်ငံအချို့သည်လည်း ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် အားကောင်းသော စီးပွားရေးစွမ်းဆောင်ရည်များကိုဆောင်ရွက်နိုင်ခဲ့ပြီး ယင်းတို့အထဲတွင် ဖင်လန်နိုင်ငံ(Finland)သည်လည်း မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်သော စီးပွားရေးရလဒ်များကို ရရှိခဲ့ကာ သုံးလပတ်အလိုက် ၀.၉% တိုးတက်ခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မှုကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်ကိုတွေ့ရသည်။ ထို့ပြင် ING(Internationale Neder landen Groep)၏ခန့်မှန်းချက်အရ ပိုလန်နိုင်ငံ၏ GDP သည် ၂၀၂၆ ခုနှစ်ပထမသုံးလပတ်တွင် တစ်နှစ်ထက်တစ်နှစ် ၃ ဒသမ ၆ ရာခိုင်နှုန်းမှ ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ပြီး တစ်နှစ်လုံးအတွက် ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မည်ဟုမျှော်မှန်းထားရာ ယင်းနှုန်းသည် ယူရိုဇုန်၏ ပျမ်းမျှတိုးတက်မှု နှုန်းထက် သိသိ သာသာ မြင့်မားနေသည်ကိုတွေ့ရသည်။

**ကိုးကား။** **https://www.euronews.com/business/2026/05/13/which-european-economy-is-growing-the-fastest-in-2026**

**(ယုသီရိုဗို၊ စီးပွားရေးသံမှူး၊ ဘာလင်မြို့)**

## STOCK EXCHANGE (26.6.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,426 (Shares) | 180,241,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 17,500 | +500 | +2.94% | 17,000 | 17,500 | 17,000 | 2,031 | 34,534,500 | 33,109,694 | 579,420 |
| MTSH | 00002 | 8,600 | +0 | +0.00% | 8,700 | 8,700 | 8,600 | 3,130 | 26,951,000 | 38,929,150 | 334,791 |
| MCB | 00003 | 13,000 | +1,500 | +13.04% | 14,000 | 14,000 | 13,000 | 48 | 652,000 | 10,400,986 | 135,213 |
| FPB | 00004 | 7,100 | -100 | -1.39% | 7,200 | 7,200 | 7,100 | 435 | 3,101,000 | 31,144,738 | 221,128 |
| TMH | 00005 | 3,600 | +50 | +1.41% | 3,600 | 3,600 | 3,600 | 19 | 68,400 | 12,823,224 | 46,164 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,050 | 2,050 | 2,000 | 659 | 1,325,600 | 19,977,223 | 39,955 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 12 | 48,000 | 10,497,598 | 41,990 |
| MAEX | 00008 | 6,100 | +0 | +0.00% | 6,100 | 6,100 | 6,100 | 2,092 | 12,761,200 | 23,804,946 | 145,210 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 26th Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 813.90 | +15.65 | +1.96% | 814.54 | 814.54 | 806.48 | 8,426 | 79,441,700 | 8 | 1,543,871 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 26th Jun. 2026

| Trading Volume | Trading Value |
|---|---|
| 22,465 (Shares) | 181,742,100 (MMK) |

### Main Board

As of 1:00 pm, 26th Jun. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,426 (Shares) | 180,241,700 (MMK) |

**MYANPIX** 813.90 ▲ 15.65

| | |
|---|---|
| Total Volume (shares) | 8,426 |
| Total Value (MMK) | 79 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,543,871 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 17,500 | ▲ 500 |
| MTSH | 00002 | 8,600 | ▲ 0 |
| MCB | 00003 | 13,000 | ▲ 1,500 |
| FPB | 00004 | 7,100 | ▼ 100 |
| TMH | 00005 | 3,600 | ▲ 50 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 6,100 | ▲ 0 |